# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
# သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၂၀၁၈)

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါသည်။

၂။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်းရေး အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သာမက နိုင်ငံရေးနည်းဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်း ဖြေရှင်းပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းနိုင်ရေး နိုင်ငံတော် အစိုးရအနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်နေသည့်အချိန်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ အဆိုပါ ထုတ်ပြန်ချက်သည်များစွာ အထောက်အကူဖြစ်စေသည့် အပြုသဘောဆောင်သော ထုတ်ပြန်ချက်တစ်ရပ် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၃။ ဤကာလအတွင်းအမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာများကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအားလုံးပါဝင်၍ ညှိနှိုင်းဆွေးနွေးသွားခြင်းအားဖြင့် တိုင်းရင်းသား ပြည်သူအများ မျှော်လင့်နေကြသည့် ထာဝရငြိမ်းချမ်းရေးကို အမြန်ဖော်ဆောင်နိုင်ကြပါစေကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှတိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်